## နယူးယောက်ပြည်နယ် ယာဉ်မောင်းလက်စွဲစာအုပ်နှင့် လေ့ကျင့်ရေးစစ်ဆေးမှုများ

## အခန်း ၂။ သင်၏ ယာဉ်မောင်းလိုင်စင်အား မည်သို့ဆက်လက်ထိန်းသိမ်းရမည်နည်း



CHAPTER TWO

# HOW TO KEEP YOUR LICENSE

## သင်၏ ယာဉ်မောင်းလိုင်စင်အား မည်သို့ဆက်လက်ထိန်းသိမ်းရမည်နည်း

***မှတ်ချက်။*** *လမ်းအသုံးပြုမှု စည်းမျဉ်းစည်းကမ်းများ ပါဝင်သည့် လက်စွဲစာအုပ်ပါ အစိတ်အပိုင်းများ (အခန်း ၄ မှ ၁၁ အထိနှင့် လမ်းအမှတ်အသားများ) အတွက်သာ လေ့ကျင့်ရေး မေးခွန်းတိုများကို ရရှိနိုင်ပါသည်။*

အကယ်၍ သင်သည် ပြင်းထန်သော ယာဉ်စည်းကမ်းဖောက်ဖျက်မှုတစ်ခုကို ကျူးလွန်လျှင်ဖြစ်စေ၊ သို့မဟုတ် ပြင်းထန်မှုနည်းသော ယာဉ်စည်းကမ်းဖောက်ဖျက်မှုများကို အကြိမ်ကြိမ်ကျူးလွန်လျှင်ဖြစ်စေ၊ သင်၏ ယာဉ်မောင်းလိုင်စင်အား ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ထားခြင်း (သို့မဟုတ်) ရုပ်သိမ်းခြင်းတို့ဖြင့် သင်၏ ယာဉ်မောင်းနှင်ခွင့်ကို ဆုံးရှုံးနိုင်ပါသည်။

“**ဆိုင်းငံ့ထားခြင်း**” ဆိုသည်မှာ သင်၏ ယာဉ်မောင်းလိုင်စင် (သို့မဟုတ် မောင်းနှင်ခွင့်) အား ပြန်လည်မပေးအပ်မီ သတ်မှတ်ထားသော ကာလအပိုင်းအခြားတစ်ခုအထိ ခေတ္တရုပ်သိမ်းထားခြင်းကို ဆိုလိုသည်။ သင်သည် လိုင်စင်ပြန်လည်ရရှိရန်အတွက် ဆိုင်းငံ့ထားခြင်းဖျက်သိမ်းမှုအခကြေးငွေ (Suspension termination fee) ကို ပေးဆောင်ရန် လိုအပ်နိုင်ပါသည်။

“**ရုပ်သိမ်းခြင်း**” ဆိုသည်မှာ သင်၏ ယာဉ်မောင်းလိုင်စင် (သို့မဟုတ် မောင်းနှင်ခွင့်) ကို လုံးဝပယ်ဖျက်လိုက်ခြင်းကို ဆိုလိုသည်။ လိုင်စင်အသစ် ပြန်လည်ရရှိရန်အတွက်၊ ရုပ်သိမ်းထားသည့်ကာလကုန်ဆုံးပြီးနောက် မော်တော်ယာဉ်ဌာန (DMV) သို့ သင်လျှောက်လွှာပြန်လည်တင်သွင်းရမည် ဖြစ်သည်။ သင်သည် လိုင်စင်အသစ်ပြန်လည်လျှောက်ထားခြင်းဆိုင်ရာ အခကြေးငွေကို ပေးဆောင်ရန် လိုအပ်နိုင်ပါသည်။ အကယ်၍ သင့်တွင် အားနည်းသော ယာဉ်မောင်းမှတ်တမ်းရှိလျှင်ဖြစ်စေ၊ သို့မဟုတ် မော်တော်ယာဉ်ဌာန (DMV) ၏ သတ်မှတ်ချက်များကို လိုက်နာ

ရန် ငြင်းဆန်လျှင်ဖြစ်စေ သင့်၏လျှောက်လွှာသည် ပယ်ချခံရနိုင်ပါသည်။ ရုပ်သိမ်းသည့် ကာလအပိုင်းအခြားများသည် ယခုစာစောင်တွင် ဖော်ပြထားသည့် အနည်းဆုံးကာလများထက် ပိုမိုကြာမြင့်နိုင်ပါသည်။

"**ယာဉ်မောင်းနှင်ခွင့်အထူးအခွင့်အရေး**" ဆိုသည်မှာ ပြည်နယ်ပြင်ပမှ ယာဉ်မောင်းများကို နယူးယောက်ပြည်နယ်အတွင်း မော်တော်ယာဉ် မောင်းနှင်ခွင့်ပြုရန် ပေးအပ်ထားသည့် တိုးချဲ့ထားသောအထူးအခွင့်အရေးကို ဆိုလိုသည်။ ၎င်းအပြင် "ယာဉ်မောင်းနှင်ခွင့် အထူးအခွင့်အရေး" ဆိုသည်မှာ လိုင်စင်မရှိသေးသူတစ်ဦးအား နယူးယောက်ပြည်နယ် ယာဉ်မောင်းလိုင်စင် လျှောက်ထားရယူနိုင်ရန် နယူးယောက်ပြည်နယ်မှ ခွင့်ပြုချက်ပေးခြင်းကိုလည်း ဆိုလိုသည်။ ပြည်နယ်ပြင်ပမှ ယာဉ်မောင်းများ၏ "ယာဉ်မောင်းနှင်ခွင့်အထူးအခွင့်အရေး" ကိုလည်း နယူးယောက်ပြည်နယ် ယာဉ်မောင်းလိုင်စင်များကဲ့သို့ပင် တူညီသောအကြောင်းပြချက်များဖြင့် ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ပြုလုပ်နိုင်ပါသည်။ ဆိုင်းငံ့ထားခြင်း (သို့မဟုတ်) ရုပ်သိမ်းထားခြင်း ခံရလျက်နှင့် မောင်းနှင်ခြင်းသည် ယာဉ်မောင်းလိုင်စင် ပိတ်သိမ်းခံထားရစဉ် (သို့မဟုတ်) ပယ်ဖျက်ခံထားရစဉ် မောင်းနှင်ခြင်းကဲ့သို့ပင် တူညီသော ပြစ်ဒဏ်များကို ကျခံစေရမည် ဖြစ်သည်။

## သက်ငယ်တန်းယာဉ်မောင်းခွင့် (Junior Permit) နှင့် ယာဉ်မောင်းလိုင်စင်များရှိသော ယာဉ်မောင်းများအတွက် အထူးစည်းမျဉ်းများ

သက်ငယ်တန်းယာဉ်မောင်းခွင့် သို့မဟုတ် ယာဉ်မောင်းလိုင်စင်ရှိသည့် ယာဉ်မောင်းတိုင်းသည် အရေးယူပိတ်ဆို့မှုများနှင့် အခြားပြစ်ဒဏ်များကို ရင်ဆိုင်ရနိုင်သည်။ ဥပမာအားဖြင့်၊ သင်သည် ပြင်းထန်သော ယာဉ်စည်းကမ်းဖောက်ဖျက်မှုတစ်ခု (၃ မှတ် သို့မဟုတ် ၎င်းထက်ပို၍) ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင်ဖြစ်စေ၊ သို့မဟုတ် အခြားသော ယာဉ်စည်းကမ်းဖောက်ဖျက်မှု နှစ်ခု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ဖြစ်စေ သင်၏အမောင်းသင်ခွင့်ပြုချက်၊ ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်မောင်းနှင်ခွင့်များကို ရက်ပေါင်း ၆၀ ကြာ ကာလအကန့်အသတ်ဖြင့် ပိတ်သိမ်းသွားမည် ဖြစ်သည်။

သင်၏သက်ငယ်တန်းယာဉ်မောင်းခွင့်၊ ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်မောင်းနှင်ခွင့်အထူးအခွင့်အရေးကို ဆိုင်းငံ့ထားခြင်း (သို့မဟုတ်) ရုပ်သိမ်းထားခြင်း ခံရပြီးနောက် လိုင်စင်ပြန်လည်ရရှိသည့် ပထမ ၆ လအတွင်း ပြင်းထန်သော ယာဉ်စည်းကမ်းဖောက်ဖျက်မှု (၃ မှတ် သို့မဟုတ် ၎င်းထက်ပို၍) သို့မဟုတ် အခြားစည်းကမ်းဖောက်ဖျက်မှုနှစ်ခု ကျူးလွန်ပါက သင်၏သက်ငယ်တန်းယာဉ်မောင်းခွင့်၊ ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်မောင်းနှင်ခွင့်အထူးအခွင့်အရေးများကို ရက်ပေါင်း ၆၀ ရုပ်သိမ်းခံရမည်။

ထို့အပြင် စာပို့ခြင်း (Texting) သို့မဟုတ် လက်ကိုင်ဖုန်း အသုံးပြုခြင်းဆိုင်ရာ စည်းကမ်းဖောက်ဖျက်မှုများအတွက် ပြစ်မှုထင်ရှားပါကသင်၏သက်ငယ်တန်းယာဉ်မောင်းခွင့်၊ ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်မောင်းနှင်ခွင့်အထူးအခွင့်အရေးများကို ရက်ပေါင်း ၁၂၀ ဆိုင်းငံ့ခံရမည်။

လမ်းပေါ် လက်တွေ့မောင်းနှင်မှု စစ်ဆေးခြင်း (Road test) မဖြေဆိုမီ သက်ငယ်တန်းယာဉ်မောင်းခွင့်ကို အနည်းဆုံး ၆လကြာ ကိုင်ဆောင်ထားရမည်ဖြစ်ပြီး၊ ခွင့်ပြုချက်ဆိုင်းငံ့ထားခြင်း (သို့မဟုတ်) ရုပ်သိမ်းထားခြင်းခံရသည့် ကာလများကို ယင်း ၆ လအတွင်း ထည့်သွင်းရေတွက်မည်မဟုတ်ပါ။

## ယာဉ်မောင်းလိုင်စင်အသစ်ရရှိသူ အခြားသောယာဉ်မောင်းများအားလုံးအတွက် စမ်းသပ်ကာလ

အကယ်၍ သင်သည် ယာဉ်မောင်းလိုင်စင်အတွက် လမ်းပေါ် လက်တွေ့မောင်းနှင်မှု စစ်ဆေးခြင်း အောင်မြင်ချိန် သို့မဟုတ် လိုင်စင်ရုပ်သိမ်းခံရပြီးနောက် လိုင်စင်အသစ် ပြန်လည်ရရှိချိန်တွင် အသက် ၁၈ နှစ် သို့မဟုတ် ထို့ထက်ကြီးပါက၊ သင်သည် ၆ လကြာ စမ်းသပ်ကာလ (Probation) သတ်မှတ်ခြင်း ခံရမည်။

စမ်းသပ်ကာလအတွင်း အရက်မူးနေချိန်မောင်းနှင်ခြင်း (DWAI)၊ အရှိန်ပြင်းမောင်းခြင်း (Speeding)၊ မဆင်မခြင်မောင်းခြင်း (Reckless driving)၊ ရှေ့ကားနှင့် အရမ်းကပ်မောင်းခြင်း (Following too closely)၊ ကားပြိုင်မောင်းခြင်း (Speed contest) သို့မဟုတ် အခြားယာဉ်စည်းကမ်းဖောက်ဖျက်မှု နှစ်ခု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားပါက သင့်လိုင်စင်ကို ရက်ပေါင်း ၆၀ ဆိုင်းငံ့ထားခြင်းခံရမည်။ ရက်ပေါင်း ၆၀ ဆိုင်းငံ့မှု ကုန်ဆုံးပြီးနောက် နောက်ထပ် ၆ လကြာ စမ်းသပ်ကာလအသစ် ထပ်မံစတင်မည်ဖြစ်သည်။ အကယ်၍ ယခု ဒုတိယမြောက် စမ်းသပ်ကာလအတွင်း အထက်ပါ ပြစ်မှုတစ်ခုခု သို့မဟုတ် အခြားယာဉ်စည်းကမ်းဖောက်ဖျက်မှု နှစ်ခုတွင် အပြစ်ရှိကြောင်း တွေ့ရှိပါက သင်၏လိုင်စင်ကို အနည်းဆုံး ၆ လကြာ ရုပ်သိမ်း (Revoked) ခံရမည်။ ရုပ်သိမ်းခံရပြီးနောက် လိုင်စင်ပြန်လည်ရရှိပါက သင်သည် နောက်ထပ် ၆ လကြာ စမ်းသပ်ကာလ ထပ်မံဖြတ်သန်းရမည်။

အကယ်၍ သင်သည် စာပို့ခြင်း (Texting) သို့မဟုတ် ဖုန်းအသုံးပြုခြင်းဆိုင်ရာ စည်းကမ်းဖောက်ဖျက်မှု ကျူးလွန်ပါက သင့်စမ်းသပ်ကာလလိုင်စင်ကို ရက်ပေါင်း ၁၂၀ ဆိုင်းငံ့ထားခြင်းခံရမည်။

## အကယ်၍ သင်သည် ယာဉ်စည်းကမ်းဖောက်ဖျက်မှုလက်မှတ် (Traffic Ticket) ရရှိပါက

ယာဉ်စည်းကမ်းဖောက်ဖျက်မှုလက်မှတ် ရရှိပါက အချိန်မဆိုင်းပါနှင့်၊ သင်ပေးလိုသည့် လျှောက်လဲချက် (Plea) အတွက် လက်မှတ်ပေါ်ရှိ ညွှန်ကြားချက်များကို လိုက်နာပါ။ လိုက်နာခြင်းမရှိပါက သင့်ယာဉ်မောင်းလိုင်စင်ကို အကန့်အသတ်မရှိ (Indefinitely) ဆိုင်းငံ့ထားခြင်းခံရမည်။ လက်မှတ်ရရှိကြောင်း ပြန်လည်တုံ့ပြန်ခြင်းမပြုပါက ကွယ်ရာတွင် အလိုအလျောက် အပြစ်ရှိကြောင်း (Default conviction) ဆုံးဖြတ်ခြင်း ခံရနိုင်သည်။

DMV ၏ ယာဉ်စည်းကမ်းဖောက်ဖျက်မှုဆိုင်ရာဗျူရိုရုံး (TVB) သည် နယူးယောက်မြို့၏ ခရိုင်ကြီး ၅ ခုအတွင်း ထုတ်ပြန်ထားသော ရာဇဝတ်မှုမဟုတ်သည့် ရွေ့လျားယာဉ်စည်းကမ်းဖောက်ဖျက်မှု လက်မှတ်များကို ကိုင်တွယ်ဆောင်ရွက်သည်။ TVB စနစ်သည် ထိုဒေသရှိ အခြားတရားရုံးများသည် ရာဇဝတ်မှုများကို အာရုံစိုက်နိုင်အောင် ပြုလုပ်ပေးသည်။ ၎င်းထဲတွင် အရက်မူးနေချိန်မောင်းနှင်ခြင်း (DWI) နှင့် လိုင်စင်ဆိုင်းငံ့ထားစဉ်/ရုပ်သိမ်းထားစဉ်

မောင်းနှင်ခြင်းကဲ့သို့သော ယာဉ်စည်းကမ်းဖောက်ဖျက်မှုများ ပါဝင်သည်။ ပြည်နယ်၏ အခြားဒေသများတွင်မူ ယာဉ်စည်းကမ်းဖောက်ဖျက်မှုများကို ပြစ်မှုကျူးလွန်ခဲ့သည့် မြို့ ခရိုင် သို့မဟုတ် ရွာရှိ ရာဇဝတ်နှင့် ယာဉ်မှုတရားရုံးများတွင် ကိုင်တွယ်ဆောင်ရွက်သည်။ မည်သည့်တရားရုံးစနစ်ပါဝင်သည်ဖြစ်စေ၊ ယာဉ်စည်းကမ်းဖောက်ဖျက်မှုလက်မှတ် ရရှိသော ယာဉ်မောင်းတိုင်းသည် ခုခံကာကွယ်ခွင့်ရှိပြီး ရှေ့နေငှားရမ်းခွင့် ရှိသည်။

## ပြည်နယ်ပြင်ပတွင် ရရှိသော ယာဉ်စည်းကမ်းဖောက်ဖျက်မှုလက်မှတ်များ

နယူးယောက်ပြည်နယ် မော်တော်ယာဉ်ဌာန (DMV) သည် ကနေဒါနိုင်ငံ (Canada) တွင် ကျူးလွန်ခဲ့သော ယာဉ်မှုဆိုင်ရာ ပြစ်မှုများမှလွဲ၍ အခြားတရားစီရင်ပိုင်ခွင့် နယ်မြေများတွင် နယူးယောက်ပြည်နယ် စီးပွားရေးလုပ်ငန်းသုံးမဟုတ်သော လိုင်စင်ရယာဉ်မောင်းများ ကျူးလွန်သည့် ရွေ့လျားယာဉ်စည်းကမ်းဖောက်ဖျက်မှု ပြစ်ဒဏ်များကို မှတ်တမ်းမတင်ပါ။ ကနေဒါနိုင်ငံမှလွဲ၍ ပြည်နယ်ပြင်ပ ယာဉ်စည်းကမ်းဖောက်ဖျက်မှု ပြစ်ဒဏ်များကို သင့်နယူးယောက်ပြည်နယ်၏ "အမှတ်ဖြတ်ခြင်း (Violation point)" ယာဉ်မောင်းမှတ်တမ်းတွင် ထည့်သွင်းမည်မဟုတ်ပါ။

သို့သော်လည်း အလက်စကာ (Alaska)၊ ကယ်လီဖိုးနီးယား (California)၊ မီချီဂန် (Michigan)၊ မွန်တာနာ (Montana)၊ အော်ရီဂွန် (Oregon)၊ ဗာဂျီးနီးယား (Virginia)၊ ဝစ်စကွန်ဆင် (Wisconsin) ပြည်နယ် ၇ ခုမှလွဲ၍ အခြားမည်သည့်ပြည်နယ်တွင်မဆို ရွေ့လျားယာဉ်စည်းကမ်းဖောက်ဖျက်မှုလက်မှတ်ကို ပြန်လည်ဖြေရှင်းရန် ပျက်ကွက်ပါက သင့်နယူးယောက်ယာဉ်မောင်းလိုင်စင်ကို ဆိုင်းငံ့ခြင်းခံရမည်ဖြစ်သည်။ သင့်လိုင်စင်သည် လက်မှတ်ကို မဖြေရှင်းမချင်း ဆိုင်းငံ့ခြင်းခံရမည်ဖြစ်သည်။ သင့်နယူးယောက်ပြည်နယ် ယာဉ်မောင်းလိုင်စင် သို့မဟုတ် ပါမစ်ကို ပြန်လည်အသုံးပြုနိုင်ရန်အတွက် ထိုလက်မှတ်ကို ကျေအေးပြီးစီးကြောင်းအထောက်အထားကို နယူးယောက်ပြည်နယ် မော်တော်ယာဉ်ဌာန(DMV)သို့ တင်ပြရမည်။ အကယ်၍ သင်သည် အထက်ပါချွင်းချက် ၆ ပြည်နယ်မှလွဲ၍ အခြားမည်သည့် ပြည်နယ်မှ ယာဉ်မောင်းဖြစ်စေ၊ နယူးယောက်ပြည်နယ်တွင် ရရှိသော ရွေ့လျားယာဉ်စည်းကမ်းဖောက်ဖျက်မှု ဆင့်ခေါ်စာကို ဖြေရှင်းရန် ပျက်ကွက်ပါက သင့်ပြည်နယ်တွင် သင့်ယာဉ်မောင်းလိုင်စင် ဆိုင်းငံ့ခြင်းခံရမည်ဖြစ်သည်။

အကယ်၍ သင်သည် အသက် ၂၁ နှစ်ထက်ကြီးပြီး အခြားပြည်နယ် သို့မဟုတ် ကနေဒါနိုင်ငံတွင် အရက် သို့မဟုတ် မူးယစ်ဆေးဝါးနှင့် ပတ်သက်သော ယာဉ်မောင်းနှင်မှု ပြစ်မှု (ဥပမာ - DUI) ထင်ရှားစီရင်ခြင်းခံရပါက သင့်နယူးယောက်ယာဉ်မောင်းလိုင်စင်ကို အနည်းဆုံး ရက်ပေါင်း ၉၀ ရုပ်သိမ်းခြင်းခံရမည်။ နယူးယောက်ပြည်နယ်တွင် လက်မှတ်ရရှိသော ပြည်နယ်ပြင်ပယာဉ်မောင်းများသည် အဆိုပါပြစ်ဒဏ်က မိမိတို့အပေါ် မည်သို့သက်ရောက်မှုရှိသည်ကို မိမိတို့ပြည်နယ်၏ မော်တော်ယာဉ်ဌာနသို့ ဆက်သွယ်မေးမြန်းနိုင်သည်။

အကယ်၍ သင်သည် အသက် ၂၁ နှစ်အောက်ဖြစ်ပြီး ပြည်နယ်ပြင်ပတွင် ဖြစ်ပွားသော အရက် သို့မဟုတ် မူးယစ်ဆေးဝါးနှင့် ပတ်သက်သော ပြစ်မှုတစ်ခုခုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက သင့်နယူးယောက် ယာဉ်မောင်းလိုင်စင်ကို အနည်းဆုံး ၁ နှစ် ရုပ်သိမ်းခြင်းခံရမည်။ အရက်နှင့်ပတ်သက်ပြီး ပြစ်မှုထင်ရှားစီရင် ခြင်းခံရပါက လိုင်စင်ကို အနည်းဆုံး ၁ နှစ် သို့မဟုတ် အသက် ၂၁ နှစ်ပြည့်သည်အထိ (မည်သည့်အရာက ပိုကြာသည်ဖြစ်စေ) ရုပ်သိမ်းခြင်းခံရမည်။

နယူးယောက်ပြည်နယ် မော်တော်ယာဉ်ဌာနသည် မော်တော်ယာဉ်မောင်းနှင်မှုကြောင့် လူသေဆုံးမှုဖြစ်စေသည့် ရာဇဝတ်မှုမကင်းသော ပေါ့ဆမှု (Criminal negligence)၊ လူသတ်မှု (Homicide) သို့မဟုတ် ကိုယ်ထိလက်ရောက် စော်ကားမှု (Assault) တို့ဖြင့် ပြစ်မှုထင်ရှားသော မည်သည့်နယူးယောက်ယာဉ်မောင်းကိုမဆို မှတ်တမ်းတင် သည်။ ၎င်းတို့၏ ယာဉ်မောင်းလိုင်စင် သို့မဟုတ် မောင်းနှင်ခွင့်ကို ရုပ်သိမ်းခြင်းခံရမည်ဖြစ်ပြီး ယာဉ်မှတ်ပုံတင် ခြင်းများကိုလည်း ရုပ်သိမ်းခြင်းခံရနိုင်သည်။ ယင်းပြစ်မှုသည် ဤပြည်နယ်အတွင်း သို့မဟုတ် အခြားပြည်နယ် တွင် ဖြစ်ပွားခဲ့သည်ဖြစ်စေ အကျုံးဝင်သည်။

### မဖြစ်မနေ လိုင်စင်ဆိုင်းငံ့ခြင်း (သို့မဟုတ်) ရုပ်သိမ်းခြင်း

သင့်ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်မောင်းနှင်ခွင့်ကို အကြောင်းရင်းများစွာဖြင့် ဆိုင်းငံ့ခြင်း (သို့မဟုတ်) ရုပ်သိမ်းခြင်း ခံရနိုင်သည်။ **မှတ်ချက်။** အသက် ၂၁ နှစ်အောက် စက်လှေ (Motorboat) နှင့် နှင်းလျှောစီးယာဉ် (Snowmobile) မောင်းနှင်သူများ အရက်သောက်သုံးပါက ၎င်းတို့၏ စက်လှေ သို့မဟုတ် နှင်းလျှောစီးယာဉ် မောင်းနှင်ခွင့်အပေါ် အလားတူ ပြစ်ဒဏ်များနှင့် အရေးယူပိတ်ဆို့မှုများ ရင်ဆိုင်ရမည်။ ဥပဒေအရ ပြုလုပ်ရမည့် လိုင်စင်ရုပ်သိမ်းခြင်းနှင့် ဆိုင်းငံ့ခြင်းများဆိုင်ရာ နမူနာများမှာ။

### အရက်နှင့် မူးယစ်ဆေးဝါးဆိုင်ရာ ဖောက်ဖျက်မှုများ ([Chapter 9: Alcohol and Other Drugs](#)တွင် ကြည့်ပါ)

- သွေးတွင်းအရက်ပါဝင်မှု ၀.၁၈ ရာခိုင်နှုန်း (.18 BAC) ဖြင့် အလွန်အကျွံ မူးယစ်ရီဝေစွာ မောင်းနှင်ခြင်း (Agg-DWI)။ အနည်းဆုံး ၁ နှစ် ရုပ်သိမ်းခြင်း
- သွေးတွင်းအရက်ပါဝင်မှု ၀.၀၈ ရာခိုင်နှုန်း (.08 BAC) ဖြင့် မူးယစ်ရီဝေစွာ မောင်းနှင်ခြင်း (DWI)။ အနည်းဆုံး ၆ လ ရုပ်သိမ်းခြင်း
- အရက်ကြောင့် မောင်းနှင်နိုင်စွမ်း ကျဆင်းလျက် မောင်းနှင်ခြင်း (DWAI)။  ရက်ပေါင်း ၉၀ ဆိုင်းငံ့ခြင်း

- မူးယစ်ဆေးဝါးကြောင့် မောင်းနှင်နိုင်စွမ်း ကျဆင်းလျက် မောင်းနှင်ခြင်း (DWAI-drug)။ အနည်းဆုံး ၆ လ ရုပ်သိမ်းခြင်း
- ပြည်နယ်ပြင်ပတွင် အရက် သို့မဟုတ် မူးယစ်ဆေးဝါး သောက်သုံးပြီး မောင်းနှင်ခြင်း (DUI) - ပြစ်မှုအပေါ်မူတည်၍ အနည်းဆုံး ရက်ပေါင်း ၉၀ မှ ၆ လအထိ ရုပ်သိမ်းခြင်း

**ဓာတုဗေဒနည်းဖြင့် စစ်ဆေးမှုကို ငြင်းဆန်ခြင်းများ (Chapter 9: Alcohol and Other Drugsတွင် ကြည့်ပါ)**

- အသက် ၂၁ နှစ်ထက်ကြီးသော ယာဉ်မောင်းများ ဓာတုဗေဒစစ်ဆေးမှုကို ငြင်းဆန်ခြင်း။ အနည်းဆုံး ၁ နှစ် ရုပ်သိမ်းခြင်း
- အသက် ၂၁ နှစ်ထက်ကြီးသော ယာဉ်မောင်းများ၊ ယခင်ငြင်းဆန်မှုကြောင့် လိုင်စင်ရုပ်သိမ်းခံရခြင်း သို့မဟုတ် အရက်/မူးယစ်ဆေးပြစ်မှု ဖြစ်ပွားခဲ့ပြီး ၅ နှစ်အတွင်း ဓာတုဗေဒစစ်ဆေးမှုကို ထပ်မံငြင်းဆန်ခြင်း။ အနည်းဆုံး ၁၈ လ ရုပ်သိမ်းခြင်း
- အသက် ၂၁ နှစ်အောက် ယာဉ်မောင်းများ၊ ပထမအကြိမ် ဓာတုဗေဒစစ်ဆေးမှုကို ငြင်းဆန်ခြင်း။ အနည်းဆုံး ၁ နှစ် ရုပ်သိမ်းခြင်း
- အသက် ၂၁ နှစ်အောက် ယာဉ်မောင်းများ၊ ဒုတိယအကြိမ် ငြင်းဆန်ခြင်း။ အသက် ၂၁ နှစ်ပြည့်သည်အထိ သို့မဟုတ် ၁ နှစ်၊ (မည်သည့်အရာက ပိုကြာသည်ဖြစ်စေ) အနည်းဆုံး ရုပ်သိမ်းခြင်း
- Zero Tolerance စစ်ဆေးမှုကို ငြင်းဆန်ခြင်း။ အနည်းဆုံး ၁ နှစ် ရုပ်သိမ်းခြင်း

## အသက် ၂၁ နှစ်အောက် ယာဉ်မောင်းများ

အကယ်၍ သင်သည် အဖမ်းခံရချိန်တွင် အသက် ၂၁ နှစ်အောက်ဖြစ်ပါက၊ အထက်ဖော်ပြပါ အရက် သို့မဟုတ် မူးယစ်ဆေးဝါးဆိုင်ရာ စည်းကမ်းဖောက်ဖျက်မှုတစ်ခုခုအတွက် ပြစ်မှုထင်ရှားလျှင် အနည်းဆုံး ၁ နှစ် ရုပ်သိမ်းခြင်းခံရမည်။ အသက် ၂၁ နှစ်အောက်အတွင်း ဒုတိယအကြိမ် ထပ်မံဖောက်ဖျက်ပါက ၁ နှစ် သို့မဟုတ် အသက် ၂၁ နှစ်ပြည့်သည်အထိ (မည်သည့်အရာက ပိုကြာသည်ဖြစ်စေ) ရုပ်သိမ်းရန် လိုအပ်သည်။ ဤပြစ်ဒဏ်များသည် လူငယ်ပြစ်မှုကျူးလွန်သူများ (Youthful offenders) သို့မဟုတ် ပြည်နယ်ပြင်ပတွင် အဖမ်းခံရခြင်း/ပြစ်မှုထင်ရှားစီရင်ခံရခြင်းများအတွက်လည်း သက်ရောက်မှုရှိသည်။(Traffic Tickets Received Out-of-Stateတွင် ကြည့်ပါ)

ပြည်နယ်၏ "Zero Tolerance ဥပဒေ"အရ အသက် ၂၁ နှစ်အောက် ယာဉ်မောင်းတစ်ဦးတွင် သွေးတွင်း အရက်ဓာတ် (BAC) ၀.၀၂ မှ ၀.၀၇ အထိ ရှိကြောင်း တွေ့ရှိပါက ၎င်းတို့၏လိုင်စင်ကို ၆ လကြာ ဆိုင်းငံ့ခြင်း ခံရမည်။ ၀.၀၂ BAC ဆိုသည်မှာ အရက်တစ်ခွက်တည်း သောက်ရုံဖြင့် ဖြစ်ပေါ် နိုင်သည်။ ဒုတိယအကြိမ် Zero Tolerance ဥပဒေကို ဖောက်ဖျက်ပါက ယာဉ်မောင်းလိုင်စင်ကို ၁ နှစ် သို့မဟုတ် ယာဉ်မောင်း အသက် ၂၁ နှစ်ပြည့်သည်အထိ (မည်သည့်အရာက ပိုကြာသည်ဖြစ်စေ) ရုပ်သိမ်းမည်ဖြစ်သည်။

## အရှိန်ပြင်းမောင်းခြင်းနှင့် အခြားစည်းကမ်းဖောက်ဖျက်မှုများ

အကယ်၍ သင်သည် အောက်ပါတို့တွင် အပြစ်ရှိကြောင်း တွေ့ရှိပါက သင့်ယာဉ်မောင်းလိုင်စင်ကို အနည်းဆုံး ၆ လကြာ ရုပ်သိမ်းမည်။

- ၁၈ လအတွင်း အရှိန်ပြင်းမောင်းနှင်မှု (Speeding) နှင့်/သို့မဟုတ် ပြစ်မှုငယ် (Misdemeanor) ယာဉ်စည်းကမ်းဖောက်ဖျက်မှု ၃ ကြိမ် ကျူးလွန်ခြင်း (ပြစ်မှုထင်ရှားစီရင်သည့် ရက်စွဲမဟုတ်ဘဲ စည်းကမ်းဖောက်ဖျက်သည့် ရက်စွဲအပေါ် အခြေခံသည်)။
- ၃ နှစ်အတွင်း "ရပ်ထားသော ကျောင်းကြိုပို့ဘတ်စ်ကားအား ကျော်တက်ခြင်း" ဖောက်ဖျက်မှု ၃ ကြိမ်။
- "လူထိခိုက်ဒဏ်ရာရမှု သို့မဟုတ် သေဆုံးမှုဖြစ်စေသော ယာဉ်တိုက်မှုဖြစ်ပွားရာနေရာမှ ထွက်ပြေးခြင်း" ဖောက်ဖျက်မှု ၁ ကြိမ်။
- "ကားပြိုင်မောင်းခြင်းတွင် ပါဝင်ခြင်း" ဖောက်ဖျက်မှု ၁ ကြိမ်။ ၁၂ လအတွင်း ဒုတိယအကြိမ် ကားပြိုင်မောင်းခြင်း ပြစ်မှုထင်ရှားပါက အနည်းဆုံး ၁ နှစ် ရုပ်သိမ်းခြင်းခံရမည်။

## အာမခံမရှိခြင်း

အကယ်၍ သင်သည် အာမခံမထားသောယာဉ်ကို မောင်းနှင်လျှင် သို့မဟုတ် အခြားသူတစ်ဦးအား မောင်းနှင်ခွင့်ပြုလျှင်၊ သို့မဟုတ် အာမခံမရှိဘဲ ယာဉ်တိုက်မှုတွင် ပါဝင်ပတ်သက်ကြောင်း DMV က အထောက်အထား ရရှိပါက သင့်ယာဉ်မောင်းလိုင်စင်ကို အနည်းဆုံး ၁ နှစ် ရုပ်သိမ်းခြင်းခံရမည်။ အကယ်၍ သင့်ယာဉ်၏ အာမခံသက်တမ်း ကုန်ဆုံးသွားပါက လိုင်စင်နံပါတ်ပြားများနှင့် မှတ်ပုံတင်စာအုပ်ကို မော်တော်ယာဉ်ရုံးသို့ အပ်နှံရမည်။ အကယ်၍ ယာဉ်ကို လမ်းပေါ်မှ ဖယ်ရှားထားပြီး မမောင်းနှင်ပါက နံပါတ်ပြားများကို ပြန်လည်အပ်နှံရမည်ဖြစ်ပြီး၊ မအပ်နှံပါက တရားမကြောင်းအရ ပြစ်ဒဏ်များ သို့မဟုတ် မှတ်ပုံတင်ဆိုင်းငံ့ခြင်း နှင့်/သို့မဟုတ် လိုင်စင်ဆိုင်းငံ့ခြင်းတို့နှင့် ရင်ဆိုင်ရနိုင်သည်။

## အကန့်အသတ်မရှိ ဆိုင်းငံ့ခြင်းများ/ရုပ်သိမ်းခြင်းများ

အကယ်၍ သင်သည် ယာဉ်တိုက်မှုအစီရင်ခံစာ တင်ပြရန် ပျက်ကွက်ခြင်း၊ ကလေးထောက်ပံ့ကြေး (Child support) ပေးဆောင်ရန် ပျက်ကွက်ခြင်း၊ အခွန်ပေးဆောင်ရန် ပျက်ကွက်ခြင်း သို့မဟုတ် ယာဉ်တိုက်မှုကြောင့် ဖြစ်ပေါ်လာသော တရားရုံး၏ စီရင်ချက်ကို လိုက်နာရန် ပျက်ကွက်ပါက သင့်ယာဉ်မောင်းလိုင်စင်ကို အကန့်အသတ်မရှိ (Indefinitely) ဆိုင်းငံ့မည်ဖြစ်သည်။ ဤဆိုင်းငံ့မှုသည် ဆိုင်းငံ့ခြင်းသို့ ဖြစ်စေသော အခြေအနေကို သင်မပြုပြင်မချင်း အသက်ဝင်နေမည်ဖြစ်သည်။

## ပြစ်ဒဏ်အမှတ်ပေးစနစ်

DMV ၏ ပြစ်ဒဏ်အမှတ်ပေးစနစ်သည် "အမြဲတမ်း စည်းကမ်းဖောက်ဖျက်သူများ" (ရက်တိုကာလအတွင်း ယာဉ်စည်းကမ်း ဆက်တိုက်ဖောက်ဖျက်သော ယာဉ်မောင်းများ) ကို ဖော်ထုတ်ပေးသည်။ ဤအခန်းရှိ ဇယားတွင် ရွေ့လျားယာဉ်စည်းကမ်း ဖောက်ဖျက်မှုအမျိုးမျိုးအတွက် သတ်မှတ်ထားသော အမှတ်တန်ဖိုးများကို ပြသထားသည်။* *အများပြည်သူဆိုင်ရာ အဝေးပြေးလမ်းမများ၊ လမ်းများနှင့် လမ်းသွယ်များတွင် လိုက်နာရမည့် ယာဉ်စည်းကမ်းဥပဒေများသည် အများပြည်သူအတွက် ဖွင့်လှစ်ထားသော ကားပါကင်နေရာများနှင့်လည်း သက်ဆိုင်ကြောင်း သတိပြုပါ။*

ဖော်ပြထားသော စည်းကမ်းဖောက်ဖျက်မှုတစ်ခုချင်းစီသည် လိုင်စင်ဆိုင်းငံ့ရန် သို့မဟုတ် ရုပ်သိမ်းရန် မလုံလောက်သော်လည်း၊ သင့်ယာဉ်မောင်းမှတ်တမ်းတွင် ချိုးဖောက်မှုများစွာစုပုံလာခြင်းသည် အရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း ညွှန်ပြနိုင်သည်။

သင့်မှတ်တမ်းတွင် ဖြတ်တောက်မည့် အမှတ်တန်ဖိုးများသည် ပြစ်မှုထင်ရှားစီရင်သည့် ရက်စွဲမဟုတ်ဘဲ စည်းကမ်းဖောက်ဖျက်ခဲ့သည့် ရက်စွဲ မှ စတင်ရေတွက်သည်။ အကယ်၍ သင်သည် ၁၈ လအတွင်း ၁၁ မှတ် သို့မဟုတ် ထို့ထက်ပို၍ ရရှိပါက သင့်ယာဉ်မောင်းလိုင်စင် ဆိုင်းငံ့ခြင်းခံရတော့မည်ဖြစ်ကြောင်း စာတိုက်မှတစ်ဆင့် အကြောင်းကြားစာ ရောက်ရှိလာမည်။ သင်သည် အဆိုပါပြစ်မှုများမှာ မိမိကျူးလွန်ခဲ့ခြင်း မဟုတ်ကြောင်း သက်သေပြရန်အတွက်သာ DMV ကြားနာမှုကို တောင်းဆိုခွင့်ရှိသည်။ ပြစ်မှုများအတွက် ထပ်မံငြင်းခုံခြင်း သို့မဟုတ် အထူးအခြေအနေများကို အခြေခံ၍ ဆိုင်းငံ့မှုကို ကင်းလွတ်ခွင့်ပြုရန် တောင်းဆို၍မရပါ။

သင်သည် DMV မှ အသိအမှတ်ပြုထားသော Motor Vehicle Crash Prevention Course ကို တက်ရောက်ခြင်းဖြင့် သင့်စုစုပေါင်းပြစ်ဒဏ်အမှတ်မှ ၄ မှတ်အထိ လျှော့ချနိုင်ပြီး သင်၏ ကားအာမခံ (Liability and collision insurance) ပရီမီယံကြေးကို ၁၀ ရာခိုင်နှုန်းအထိ သက်သာအောင် ပြုလုပ်နိုင်သည်။ အမှတ်လျှော့ချရေး သင်တန်းတစ်ခု ပြီးမြောက်ခြင်းသည် ဥပဒေအရ မဖြစ်မနေ လိုင်စင်ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းကို မတားဆီးနိုင်သလို၊ နောင်လာမည့် ပြစ်ဒဏ်အမှတ်များအတွက် "ကြိုတင်ခုနှိမ်မှု" အဖြစ် အသုံးပြု၍မရပါ၊ သို့မဟုတ် DMV

၏ ယာဉ်မောင်းတာဝန်ခံအကဲဖြတ်မှု (Driver Responsibility Assessment) ကိုလည်း မတားဆီးနိုင် သို့မဟုတ် မလျှော့ချနိုင်ပါ။

**လိုင်စင်စည်းကမ်းဖောက်ဖျက်မှု အမှတ်များ**

| စည်းကမ်းဖောက်ဖျက်မှု | ပြစ်ဒဏ်အမှတ် |
| --- | --- |
| **သတ်မှတ်အရှိန်ထက် ၁ မှ ၁၀ MPH ပိုမောင်းခြင်း** | 3 (3) |
| **သတ်မှတ်အရှိန်ထက် ၁၁ မှ ၂၀ MPH ပိုမောင်းခြင်း** | 4 (၄) |
| **သတ်မှတ်အရှိန်ထက် ၂၁ မှ ၃၀ MPH ပိုမောင်းခြင်း** | 6 (၆) |
| **သတ်မှတ်အရှိန်ထက် ၃၁ မှ ၄၀ MPH ပိုမောင်းခြင်း** | 8 (၈) |
| **သတ်မှတ်အရှိန်ထက် ၄၀ MPH ထက်မက ပိုမောင်းခြင်း** | 11 (၁၁) |
| **လိုင်စင်မရှိဘဲ မောင်းနှင်မှု ၁ ကြိမ်၊ ၂ ကြိမ် သို့မဟုတ် ၃ ကြိမ် (Aggravated Unlicensed Operation)** | 11 (၁၁) |
| **DWI / DWAI / Aggravated DWI / DWAI Drugs / ဓာတုဗေဒစစ်ဆေးမှု ငြင်းဆန်ခြင်း** | 11 (၁၁) |

**လိုင်စင်စည်းကမ်းဖောက်ဖျက်မှု အမှတ်များ**

| စည်းကမ်းဖောက်ဖျက်မှု | ပြစ်ဒဏ်အမှတ် |
|---|---|
| လမ်းပြင်ဆင်ရေးဇုန် (Construction Zone) အတွင်း အရှိန်ပြင်းမောင်းခြင်း | 8 (၈) |
| အမြင့်သတ်မှတ်ချက်ထက် ကျော်လွန်သော ယာဉ်များ | 8 (၈) |
| ကျောင်းကြိုပို့ဘတ်စ်ကားအတွက် ရပ်ပေးရန် ပျက်ကွက်ခြင်း | 8 (၈) |
| မဆင်မခြင် မောင်းနှင်ခြင်း | 5 (၅) |
| အရှိန်မြင့်ကားပြိုင်ပွဲများနှင့် ကားပြိုင်ခြင်းများ | 5 (၅) |
| လက်ကိုင်ဖုန်း မလျော်ကန်စွာ အသုံးပြုခြင်း | 5 (၅) |
| သယ်ဆောင်ရလွယ်ကူသော အီလက်ထရွန်နစ်ကိရိယာ အသုံးပြု၍ "စာပို့ခြင်း" | 5 (၅) |
| မီးရထားလမ်းကူး သတိပေးချက် ဖောက်ဖျက်ခြင်း | 5 (၅) |
| လူထိခိုက်ဒဏ်ရာရသည့် မတော်တဆမှုဖြစ်ပွားရာနေရာမှ ထွက်ပြေးခြင်း | 5 (၅) |

**လိုင်စင်စည်းကမ်းဖောက်ဖျက်မှု အမှတ်များ**

| စည်းကမ်းဖောက်ဖျက်မှု | ပြစ်ဒဏ်အမှတ် |
|---|---|
| ဂရုတစိုက်မောင်းနှင်ရန် ပျက်ကွက်ခြင်း | 5 (၅) |
| လိုင်စင်မရှိဘဲ မောင်းနှင်မှုကို အားပေးကူညီခြင်း | 5 (၅) |
| လမ်းဦးစားပေး သွားခွင့်ပေးရန် ပျက်ကွက်ခြင်း | 3 (၃) |
| မီးနီဖြတ်မောင်းခြင်း | 3 (၃) |
| ယာဉ်ထိန်းအချက်ပြစနစ်၊ STOP (ရပ်) ဆိုင်းဘုတ် သို့မဟုတ် YIELD (ဦးစားပေး) ဆိုင်းဘုတ်ကို မလိုက်နာခြင်း | 3 (၃) |
| မလျော်ကန်စွာ ကျော်တက်ခြင်း၊ ဘေးကင်းမှုမရှိဘဲ လမ်းကြောပြောင်းခြင်း | 3 (၃) |
| လမ်းလယ်လိုင်း၏ လက်ဝဲဘက်မှ မောင်းနှင်ခြင်း၊ လမ်းကြောင်းမှား မောင်းနှင်ခြင်း | 3 (၃) |
| ပစ္စည်းပျက်စီးဆုံးရှုံးမှုဖြစ်ပွားသည့် နေရာမှ ထွက်ပြေးခြင်း | 3 (၃) |

**လိုင်စင်စည်းကမ်းဖောက်ဖျက်မှု အမှတ်များ**

| စည်းကမ်းဖောက်ဖျက်မှု | ပြစ်ဒဏ်အမှတ် |
|---|---|
| ကလေးသူငယ် ဘေးကင်းလုံခြုံရေး ထိုင်ခုံစည်းကမ်း ဖောက်ဖျက်ခြင်း | 3 (၃) |
| ဘရိတ်မကောင်းခြင်း (အလုပ်ရှင်၏ယာဉ် ဖြစ်ပါက) | 4 (၄) |
| အခြား ရွေ့လျားယာဉ်စည်းကမ်း ဖောက်ဖျက်မှုအများစု | 2 (၂) |
| အချက်ပြရန် ပျက်ကွက်ခြင်း | 2 (၂) |
| မလျော်ကန်စွာ ကွေ့ခြင်း | 2 (၂) |
| ယာဉ်ထိန်းကိရိယာကို မလိုက်နာခြင်း | 3 (၃) |
| မှန်အမည်းရောင် တပ်ဆင်ခြင်း | ၀ |
| အသက် ၁၆ နှစ်နှင့်အထက် ယာဉ်မောင်း/ခရီးသည် ထိုင်ခုံခါးပတ် မပတ်ခြင်း | 3 (၃) |
| လိုင်စင်မရှိဘဲ မောင်းနှင်ခြင်း | ၀ |

### လိုင်စင်စည်းကမ်းဖောက်ဖျက်မှု အမှတ်များ

| စည်းကမ်းဖောက်ဖျက်မှု | ပြစ်ဒဏ်အမှတ် |
|---|---|
| ယာဉ်စစ်ဆေးမှု မခံယူထားခြင်း | ၀ |
| ချို့ယွင်းနေသော စက်ပစ္စည်းကိရိယာများ | ၀ |

**မှတ်ချက်။** အာမခံကုမ္ပဏီများတွင် ၎င်းတို့ကိုယ်ပိုင် အမှတ်ပေးစနစ်များ ရှိနိုင်သည်။ ယင်းတို့သည် DMV အမှတ်ပေးစနစ်နှင့် သက်ဆိုင်ခြင်းမရှိဘဲ ရောထွေးခြင်း မရှိသင့်ပါ။

* V&T Law ဖောက်ဖျက်မှုအားလုံးသည် လိုင်စင်အရေးယူမှုများအပြင် ယာဉ်မောင်းအား ဒဏ်ငွေများ ဆောင်ရမှုများ ဖြစ်စေမည်ဖြစ်သည်။

### ယာဉ်တိုက်မှုများ

လက်ရှိအချိန်တွင် ဥပဒေအရ လိုအပ်သည့်နေရာမှလွဲ၍ "Accident" (မတော်တဆမှု) ဟူသော စကားလုံးအစား "Crash" (ယာဉ်တိုက်မှု) ဟူသော စကားလုံးကို မကြာခဏ အစားထိုးအသုံးပြုသည်။ အကြောင်းမှာ "Crash" (ယာဉ်တိုက်မှု) သည် ပုံမှန်အားဖြင့် ကြိုတင်ကာကွယ်နိုင်သောကြောင့် ဖြစ်သည်။ အကယ်၍ သင်သည် အခြားလူတစ်ဦး သေဆုံးစေခဲ့သည့် ယာဉ်တိုက်မှုတွင် ပါဝင်ပတ်သက်ခဲ့ပါက၊ ထိုဖြစ်စဉ်ဖြစ်ပွားချိန်တွင် သင့်အား စည်းကမ်းဖောက်ဖျက်မှုဖြင့် အရေးမယူထားသော်လည်း DMV ကြားနာမှုအပြီးတွင် သင့်လိုင်စင်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ပြုလုပ်နိုင်သည်။

### အခကြေးငွေများနှင့် တရားမကြောင်းအရ ဒဏ်ကြေးများ

အခြေအနေအများစုတွင် သင့်ယာဉ်မောင်းလိုင်စင်ကို ရက်ပေါင်း ၃၀ သို့မဟုတ် ရက်ပေါင်း ၉၀ ကဲ့သို့သော တိကျသည့်ကာလတစ်ခုအထိ ဆိုင်းငံ့ထားပါက၊ သင်သည် ပြန်အမ်းမရသော $၅၀ လိုင်စင်ဆိုင်းငံ့ထားခြင်း ဖျက်သိမ်းမှုအခကြေးငွေကို မပေးဆောင်မချင်း သင့်လိုင်စင်ကို ပြန်လည်ရရှိမည်မဟုတ်ပါ။ အကယ်၍

သင့်လိုင်စင်သည် Zero Tolerance ဥပဒေကြောင့် ဆိုင်းငံ့ခံရပါက $၁၂၅ တရားမဒဏ်ကြေး နှင့် $၁၀၀ လိုင်စင်ဆိုင်းငံ့ထားခြင်းဖျက်သိမ်းမှုအခကြေးငွေ ပေးဆောင်ရန် လိုအပ်မည်ဖြစ်သည်။

အခြေအနေအများစုတွင် သင့်ယာဉ်မောင်းလိုင်စင် ရုပ်သိမ်းခံရပါက၊ လိုင်စင်ပြန်လည်လျှောက်ထားရန် ပြန်အမ်းမရသော $၁၀၀ အသစ်ပြန်လည်လျှောက်ထားခကို မပေးဆောင်မချင်း လိုင်စင်အသစ် လျှောက်ထား၍မရပါ။ အကယ်၍ သင့်လိုင်စင်သည် အာမခံမရှိဘဲ မောင်းနှင်ခြင်းကြောင့် ရုပ်သိမ်းခံရခြင်း သို့မဟုတ် သင့်အား သတ်မှတ်ချက်များ သို့မဟုတ် ကန့်သတ်ချက်များဖြင့် လိုင်စင်ထုတ်ပေးထားခြင်းဖြစ်ပါက ဤအခကြေးငွေ ပေးဆောင်ရန်မလိုပါ။

ယာဉ်ပိုင်ရှင်များ။ [၂၀၁၉ ခုနှစ်တွင် ဥပဒေတစ်ရပ် ပြဋ္ဌာန်းခဲ့ပြီး] ကျောင်းဘတ်စ်ကားသည် ကျောင်းသား အဆင်း အတက်အတွက် ရပ်နားထားစဉ်နှင့် ဘတ်စ်ကားပေါ် ရှိ မီးနီများ မှိတ်တုတ်မှိတ်တုတ်လင်းနေစဉ် ၎င်းကို ကျော်တက်မောင်းနှင်သော ယာဉ်ပိုင်ရှင်များအပေါ် ဒဏ်ရိုက်အရေးယူနိုင်ရန် ကျောင်းခရိုင်များနှင့် စည်ပင်သာယာရေး အဖွဲ့များအား ကျောင်းကြိုပို့ဘတ်စ်ကားများတွင် Stop-arm ကင်မရာများ တပ်ဆင်အသုံးပြုခွင့် ပေးခဲ့သည်။

- ပထမအကြိမ် ဖောက်ဖျက်မှု။ $၂၅၀ ဒဏ်ကြေး
- ၁၈ လအတွင်း ဒုတိယအကြိမ် ဖောက်ဖျက်မှု။ $၂၇၅ ဒဏ်ကြေး
- ၁၈ လအတွင်း တတိယအကြိမ် (သို့မဟုတ် ထို့ထက်ပို၍) ဖောက်ဖျက်မှု။ $၃၀၀ ဒဏ်ကြေး

အောက်ပါ လိုင်စင်ရုပ်သိမ်းမှုများပြီးနောက် သင်၏ လိုင်စင်အသစ်လျှောက်လွှာကို DMV က လက်မခံမီ သင်သည် တရားမဒဏ်ကြေးကို ပေးဆောင်ရမည်။

- အာမခံမရှိဘဲ မောင်းနှင်ခြင်း သို့မဟုတ် အာမခံမရှိဘဲ ယာဉ်တိုက်မှုဖြစ်ခြင်း။ $၇၅၀ တရားမဒဏ်ကြေး
- ဓာတုဗေဒစစ်ဆေးမှု ငြင်းဆန်ခြင်း။ $၅၀၀ တရားမဒဏ်ကြေး (စီးပွားရေးလုပ်ငန်းသုံး မော်တော်ယာဉ် မောင်းနှင်နေစဉ်ဖြစ်ပါက $၅၅၀)
- ယခင်အရက်၊ မူးယစ်ဆေး သို့မဟုတ် ငြင်းဆန်မှုဆိုင်ရာ လိုင်စင်ရုပ်သိမ်းခံရပြီး ၅ နှစ်အတွင်း ထပ်မံ၍ ဓာတုဗေဒစစ်ဆေးမှု ငြင်းဆန်ခြင်း။ $၇၅၀ တရားမဒဏ်ကြေး

**ယာဉ်မောင်းတာဝန်ခံ အကဲဖြတ်မှုများ**

ဥပဒေအရ ခွင့်ပြုထားသော မည်သည့်ဒဏ်ငွေ၊ အခကြေးငွေနှင့် အပိုဆောင်းကြေးများအပြင်၊ ပြစ်မှုထင်ရှား စီရင်ခြင်း သို့မဟုတ် စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များ ထွက်ပေါ်လာစေသည့် စည်းကမ်းဖောက်ဖျက်မှု အချို့အတွက် သင်သည် "ယာဉ်မောင်းတာဝန်ခံ အကဲဖြတ်မှုများ" ကို ပေးဆောင်ရနိုင်သည်။ အကယ်၍

သင်သည် ဤပေးချေမှုများကို မပြုလုပ်ပါက သင့်သက်ငယ်တန်းယာဉ်မောင်းခွင့်၊ ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်မောင်းနှင်ခွင့်ကို ဆိုင်းငံ့ခံရမည်ဖြစ်သည်။

အကယ်၍ သင်သည် အလွန်အကျွံ မူးယစ်ရီဝေစွာ မောင်းနှင်ခြင်း (Agg-DWI)၊ မူးယစ်ရီဝေစွာ မောင်းနှင်ခြင်း (DWI)၊ အရက်ကြောင့် မောင်းနှင်နိုင်စွမ်း ကျဆင်းခြင်း (DWAI)၊ မူးယစ်ဆေးဝါးကြောင့် မောင်းနှင်နိုင်စွမ်း ကျဆင်းခြင်း၊ အရက်နှင့်မူးယစ်ဆေးတွဲသုံးခြင်း သို့မဟုတ် ဓာတုဗေဒစစ်ဆေးမှုကို ငြင်းဆန်ခြင်းတို့ဖြင့် ပြစ်မှုထင်ရှားပါက၊ သင်သည် နောင်လာမည့် ၃ နှစ်လုံးတွင် တစ်နှစ်လျှင် $၂၅၀ စီ ယာဉ်မောင်းတာဝန်ခံ အကဲဖြတ်မှု ပေးဆောင်ရမည်။

အကယ်၍ သင်သည် မည်သည့် ၁၈ လတာကာလအတွင်းမဆို ပြစ်ဒဏ်အမှတ် ၆ မှတ်အထိ ရရှိစေသော ယာဉ်စည်းကမ်းဖောက်ဖျက်မှု တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ပြစ်မှုထင်ရှားပါက၊ သင်သည် နောင်လာမည့် ၃ နှစ်လုံးတွင် တစ်နှစ်လျှင် $၁၀၀ စီ ပေးဆောင်ရမည်။ ထိုကာလအတွင်း သင်ရရှိသည့် အပိုပြစ်ဒဏ်အမှတ် ၁ မှတ်စီအတွက် ၃ နှစ်လုံး ၁ မှတ်လျှင် $၂၅ နှုန်းဖြင့် နှစ်စဉ် ထပ်ဆောင်းပေးဆောင်ရမည်။ အမှတ်များကို မည်သို့အကဲဖြတ်သည်နှင့်ပတ်သက်သည့် အချက်အလက်များအတွက် ဤအခန်းရှိ “The Point System” ကို ကြည့်ပါ။

ဤအကဲဖြတ်ခသည် မော်တော်ယာဉ်များ မောင်းနှင်စဉ် ပြစ်မှုထင်ရှားသော ယာဉ်မောင်းများနှင့် သက်ဆိုင်ပြီး အချို့သောအခြေအနေများတွင် စက်လှေများနှင့် နှင်းလျှောစီးယာဉ် မောင်းနှင်သူများနှင့်လည်း သက်ဆိုင်သည်။ DMV မှ အသိအမှတ်ပြုထားသော "မော်တော်ယာဉ်တိုက်မှု ကာကွယ်ရေးသင်တန်း" ကို ပြီးမြောက်ခြင်းသည် ယာဉ်မောင်းတာဝန်ခံ အကဲဖြတ်မှုအပေါ် သက်ရောက်မှုရှိသော အမှတ်တွက်ချက်မှုကို တားဆီးနိုင်ခြင်း သို့မဟုတ် လျှော့ချနိုင်ခြင်း မရှိပါ။

## လိုင်စင်ဆိုင်းငံ့ခံရစဉ် သို့မဟုတ် ရုပ်သိမ်းခံရစဉ် မောင်းနှင်ခြင်း

သင့်လိုင်စင်ကို ဆိုင်းငံ့ထားစဉ် သို့မဟုတ် ရုပ်သိမ်းထားစဉ် မောင်းနှင်ခြင်းသည် ရာဇဝတ်မှု (Criminal offense) ဖြစ်ပြီး $၂၀၀ မှ $၅,၀၀၀ အထိ မဖြစ်မနေ ဒဏ်ငွေဆောင်ရမည်။ သင်သည် မဖြစ်မနေ ထောင်ဒဏ် သို့မဟုတ် စောင့်ကြည့်ကာလ (Probation) တို့နှင့် ရင်ဆိုင်ရနိုင်သည်။ မောင်းနှင်နေသောယာဉ်ကို သိမ်းဆည်းခြင်းနှင့် သိမ်းပိုင်ခြင်း (Seized and forfeited) ခံရနိုင်သည်။ ယခင်အရက် သို့မဟုတ် မူးယစ်ဆေးဝါးဆိုင်ရာဖြစ်ရပ်ကြောင့် လိုင်စင်ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ခံထားရစဉ်အတွင်း အရက်သေစာ သို့မဟုတ် မူးယစ်ဆေးဝါးသောက်သုံးပြီး မောင်းနှင်သူများအပေါ် ပိုမိုပြင်းထန်သော ပြစ်ဒဏ်များ သက်ရောက်မည်ဖြစ်သည်။ ယာဉ်စည်းကမ်းဖောက်ဖျက်မှု လက်မှတ်များကို ပြန်လည်မဖြေရှင်းခြင်းကြောင့် လိုင်စင်ဆိုင်းငံ့ခံရခြင်း ၁၀ ကြိမ်နှင့်အထက် ရှိသော ယာဉ်မောင်းများသည်လည်း ပြင်းထန်သော ပြစ်ဒဏ်များ ခံရမည်။ လက်မှတ်များကို

မဖြေရှင်းခြင်းကြောင့် လိုင်စင်ဆိုင်းငံ့ခံရခြင်း အကြိမ် ၂၀ နှင့်အထက် ရှိသော ယာဉ်မောင်းများသည် အဖမ်းခံရချိန်တွင် ကားမောင်းမနေသော်လည်း ရာဇဝတ်မှုဖြင့် တရားစွဲဆိုခြင်း ခံရမည်ဖြစ်သည်။